MCF | MYANMAR COMPUTER FEDERATION

MCPA | MYANMAR COMPUTER PROFESSIONALS ASSOCIATION

MCIA | MYANMAR COMPUTER INDUSTRY ASSOCIATION

# မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း) အပေါ် သဘောထားမှတ်ချက် ထုတ်ပြန်ခြင်း

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

၁။ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရန် ရည်ရွယ်ချက် များဖြင့် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ(၁၀/၉၆) အရ ၁၉၉၈ ခုနှစ်ကတည်းက ဖွဲ့စည်း တည်ထောင်ထားသော အမြတ်အစွန်းကို မရည်ရွယ်သည့် အစိုးရမဟုတ်သော အသင်းချုပ်ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်းမှ အိုင်စီတီပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် အသုံးပြုသူများ ပါဝင်ဖွဲ့စည်းထားသည့် တစ်ခုတည်းသော အသင်းချုပ်ကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်သည် စတင် ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ ယနေ့အချိန်အထိ "သတင်းအချက် အလက်နည်းပညာဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး" ဟူသော မူဝါဒတစ်ရပ်ဖြင့် ပြည်သူများကို သတင်းအချက်အလက် နည်းပညာများ ဖြန့်ဝေခြင်း၊ အိုင်စီတီ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ အိုင်စီတီ ကဏ္ဍ ဖွံ့ဖြိုးရေးနှင့် အခြားစီးပွားရေးကဏ္ဍများတွင် ICT အသုံးချမှုတိုးတက်ရေး လုပ်ဆောင်ခြင်းနှင့် တိုင်းပြည်အတွင်း ICT ဆိုင်ရာ မူဝါဒကောင်းများ ပေါ်ထွန်းလာစေရေး၊ e-Government လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး တို့အတွက် အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုအချိန်တွင် ကိုဗစ်ကပ်ရောဂါကျရောက်နေသည်မှာ တစ်နှစ်နီးပါးရှိပြီ ဖြစ်သောကြောင့် ပညာရေး၊ ကျန်းမာရေး၊ ရောင်းဝယ်ဖောက်ကားရေး စသည့် လူမှုစီးပွားအရေးအရာများတွင် Online စနစ်၊ Cloud စနစ်ဝန်ဆောင်မှုများကို မှီခိုအသုံးပြုပြီး ကျားကန်ဆောင်ရွက်နေရချိန်ဖြစ်ပါသည်။ ယခုကဲ့သို့ COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်နေချိန်နှင့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံ့အရေး ပြဿနာများကြောင့် အပူမီးတောက်လောင်နေရသည့်အချိန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ပေးပို့လာသော "ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)" ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် နောက်ဆုံးထား၍ သဘောထား အကြောင်းပြန်ကြားရန် တောင်းဆိုလာသည့် အတွက် အထူးပင်စိုးရိမ်ပူပန်မိပါသည်။

၃။ ဆိုက်ဘာလုံခြုံရေးဥပဒေ သည် နိုင်ငံတိုင်းတွင် အမှန်တကယ်လိုအပ်သည့် ဥပဒေဖြစ်ပြီး မြန်မာနိုင်ငံအတွက်လည်း အရေးကြီးသည့် ဥပဒေတစ်ရပ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံကွန်ပျူတာ

အသင်းချုပ်သည် အဆိုပါဥပဒေပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့က ပေးပို့လာသည့် ဥပဒေမူကြမ်းကို လေ့လာသုံးသပ်ရာတွင် အောက်ပါ အချက်အလက်များ တွေ့ရှိရပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၃၅၄(က) ပါ နိုင်ငံသားတိုင်း မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ကို ထိခိုက်ပျက်စီးစေပါသည်။ ပုဒ်မ ၃၅၇ အရ လည်း နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေး ဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည် ဟူသော အချက်နှင့် ဆန့်ကျင်နေပါသည်။

(ခ) ဆိုက်ဘာလုံခြုံရေးဥပဒေ (Cyber Security Law) ဟူသောခေါင်းစဉ်အောက်တွင် အများပြည်သူနှင့် စီးပွားရေး လုပ်ငန်းများကို ဆိုက်ဘာဘေးအန္တရာယ်များမှ ကာကွယ်ပေးရမည်ဖြစ်သော်လည်း ဤဥပဒေမူကြမ်းသည် အများပြည်သူနှင့် လုပ်ငန်းများကို အရေးယူနိုင်ရန် အတွက် ရေးသားချက်များမှာ အပြုသဘောထက် အဆိုးဘက်ကို ဦးတည်နေသည့် ပြဋ္ဌာန်းချက်များ ပါဝင်နေပါသည်။

(ဂ) လူငယ်လူရွယ်တို့၏ တီထွင်ဖန်တီးမှုများ၊ အွန်လိုင်းကတစ်ဆင့် လေ့လာသင်ယူမှုများ၊ အများပြည်သူ၏ လူမှုစီးပွားတိုးတက်မှုများ၊ အွန်လိုင်းဝန်ဆောင်မှုများကို သုံးစွဲနေကြသော ပြည်သူများ၏ အဆင်ပြေချောမွေ့နေမှု များ ကို အဟန့်အတား ဖြစ်စေပါသည်။

(ဃ) ဤဥပဒေမူကြမ်းသည် အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများ၊ ဒစ်ဂျစ်တယ် နည်းပညာ သုံးစွဲနေသည့် စီးပွားရေးလုပ်ငန်းများနှင့် သုံးစွဲသူ (Consumer) အားလုံးကို အဟန့်အတား ဖြစ်စေသည့်အပြင် မလိုလားအပ်သော ထိန်းချုပ်မှုများနှင့် ကန့်သတ်ချက်များ များစွာပါဝင်နေသောကြောင့် လုပ်ငန်းများစွာတွင်အခက်အခဲများ၊ နှောင့်နှေးခြင်းများ၊ ပြစ်ဒဏ်ခံရခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

(င) ဤဥပဒေကြောင့် လက်ရှိတွင် အရှိန်ရနေသော ICT နည်းပညာအပေါ် အခြေခံဆောင်ရွက်နေရသည့်လုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ e-Commerce လုပ်ငန်းများ၊ Logistics လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ၊ ယခုမှ အစပျိုးလုပ်ဆောင်နေကြသည့် Startup လုပ်ငန်းများ အားလုံးကို **လုံးဝ** ရပ်တန့်သွားစေနိုင်ကြောင်း တွေ့ရှိရပါသည်။

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေဖြင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး နှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ် တည်ဆောက်ရေးတို့ကို အားသွန်ခွန်စိုက် လုပ်ဆောင်နေကြသည့် ကာလအတွက် မလွဲမသွေ အဟန့်အတား ဖြစ်စေမည် ဖြစ်ပါသည်။

၄။ သို့ပါ၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပေးပို့လာသည့် ဥပဒေမူကြမ်းကို နည်းပညာ ခေတ်ကာလအခြေအနေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် ပြန်လည်ပြင်ဆင်ပြီး သက်ဆိုင်ရာ ပတ်သက်ဆက်စပ်သူအားလုံး၏ သဘောထားခံယူခြင်း၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် အတူ Public Consultation များ ပြုလုပ်ခြင်း၊ နိုင်ငံတကာဥပဒေများကို လေ့လာကိုးကားခြင်းများပြုလုပ်ပြင်ဆင်၍ ပြည်သူလူထုက ရွေးချယ်သည့် ပြည်ထောင်စုလွှတ်တော် တွင် ဆွေးနွေးဆုံးဖြတ်ပြီးမှသာ ပြဋ္ဌာန်းသင့်ပါသည်။

၅။ အထက်ဖော်ပြပါအချက်များအရ ယခုပေးပို့လာသော "ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)" ကို အသေးစိတ်ဆွေးနွေး ပြင်ဆင်ရန် လိုအပ်လျက်ရှိသည့်အပြင် ယခုအချိန်အခါသည် အဆိုပါ ဥပဒေကို ပြဋ္ဌာန်းရန် အချိန်အခါကောင်း မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ ဤဥပဒေမူကြမ်းသည် နိုင်ငံ့အကျိုး၊ ပြည်သူများအကျိုးနှင့် စီးပွားရေးလုပ်ငန်းကဏ္ဍ အားလုံးတို့၏ အကျိုးအတွက် အသေးစိတ်ထပ်မံဆွေးနွေး ပြင်ဆင်ရန်လိုအပ်ပါကြောင်းနှင့် လိုအပ်သော အထောက်အကူပြု အကြောင်းအချက်များ၊ လုပ်ငန်းစဉ်များ အဆင့်ဆင့်လုပ်ဆောင်သွားရန် မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပါသဖြင့် ယင်းအဆင့်များကိုကျော်လွန်၍ အဆောတလျင် ပြဋ္ဌာန်းမည်ဆိုပါက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများအနေဖြင့် **(ပြင်းပြင်းထန်ထန်) ကန့်ကွက်ကြောင်း** သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း
မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း
တိုင်းဒေသကြီး၊ ပြည်နယ်ကွန်ပျူတာပညာရှင်အသင်းများ
တိုင်းဒေသကြီး၊ ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်းများ